
ဇေယန
(ရာမည)
အောင်မြတ်သာနှင့်
အင်းပိုင်ကြီး ဘထွန်း

# အောင်မြတ်သာနှင့် အင်းပိုင်ကြီးဘထွန်း

"ကိုထွန်းကြည် စပါးရိတ်တာ မြန်မြန် ရိတ်ပါ ခလောက်အင်းဖွင့်ပွဲ အမီသွားရဦးမယ်"

"မိန်းမကလည်း ငါလည်း မြန်မြန် လုပ်နေတာပဲ အချိန် ရှိပါသေးတယ် ဖြည်းဖြည်းပေ့ါဟာ"

"ရှင်က ဘာသိလို့ လဲ အရောက် နောက်ကျရင် ခလောက်အင်းထဲက ငါးတွေ သူများ ဖမ်းလို့ ကုန်ပြီတော် အဲဒီအချိန် ကျုပ်တို့ အတွက် ငါးသလဲထိုးလေး တွေပဲ ကျန်မယ် ဟွင့်"

မိန်းမဖြစ်သူ ရီစိန်ရဲ့ ဗျစ်တောက် ဗျစ်တောက် ပြောတဲ့ စကားကြောင့် ကိုထွန်းကြည် စပါးကို ခပ်မြန်မြန် ရိတ်နေလိုက်တယ်။

"ကိုထွန်းကြည် ပလိုင်းတွေ ကွန်တွေ သေချာစစ်ဦး ပေါက်တာ ပြဲတာတွေ ယူခဲ့ နေဦးမယ်"

"နင်ကလည်း တစ်ချိန်လုံး ပိကျိပိကျိနဲ့ နားငြီး လာပြီ င့ါအလုပ် ငါသိပါတယ် နင် မရှည်ပါနဲ့ "

ကိုထွန်းကြည်ရဲ့ ဒေါသထွက်တဲ့ လေသံကို ကြားတော့ မရီစိန်က

"ကျုပ်က စေတနာနဲ့ ပြောတာပါတော် ဆရာလုပ်တာ မဟုတ်ပါဘူး"

"စေတနာတွေ ဗေတနာတွေ လုပ်မနေနဲ့ အားလုံးပြီးပြီ သွားကြမယ်

"

လင်မယား နှစ်ယောက် ပလိုင်းကိုယ်စီ ကွန်ကိုယ်စီ လွယ်ကာ ခလောက်အင်း ရှိရာဘက်ကို ထွက်လာခဲ့ လိုက်တယ်။

ခလောက်အင်း ဆိုတာက ကိုထွန်းကြည်တို့ နယ်တစ်ဝိုက်မှာ မသိတဲ့ သူ ရှားတယ်။ ဘာဖြစ်လို့ လဲ ဆိုတော့ ခလောက်အင်းလောက် ငါးထွက်တဲ့ အင်း မရှိလို့ ပဲ။

ဒါကြောင့် အင်းလေလံ ဆွဲတဲ့ သူတွေ က ခလောက်အင်းကို ရဖို့အတွက် သူ့ထက်ငါ အပြိုင် လေလံဆွဲတတ် ကြတယ်။

ဒီနေ့က ခလောက်အင်း ဖွင့်ပွဲလေ အင်းဖွင့်ပွဲပြီး နောက်နေ့မှာ လေလံဆွဲမှာ ဖြစ်လို့ ဒီနေ့က ရပ်ရွာခလေ့ အရ ရွာနီး ချုပ်စပ်က ငါးဖမ်း ဝါသနာ ရှိတဲ့ သူတွေ ဟင်းစားရှာသူ တွေကို အခမဲ့ ပေးဖမ်း ထားတာပဲ ဖြစ်တယ်။

ကန်သင်းရိုးတွေ ထဲကနေ ဖြတ်လျှောက်ပြီး ခလောက်အင်း ရှိရာသို့ ခပ်သုတ်သုတ် လျှောက်နေတဲ့ အချိန်

"နောင်ကြီးတို့ ဗျို့နောင်ကြီး"

မလှမ်းမကမ်း ကနေ လှမ်းခေါ်တဲ့ အသံကြောင့် ကိုထွန်းကြည် ရပ်ကြည့်လိုက်တယ်။

"ကျုပ်ကိုခေါ် တာလားဗျ"

"ဟုတ်တယ်ဗျ ကျုပ်တို့ က ခလောက်အင်း ကိုသွားမလို့ လမ်းမသိလို့ ဒီကနောင်ကြီး တို့ များ လမ်းသိမလား လို့ လှမ်းမေးတာပါ"

အရပ်မြင့်မြင့် ခပ်ချောချော ကောင်လေး တစ်ယောက်ရဲ့ ကြည်လင်

ပြတ်သားတဲ့ အသံကြောင့် မရီစိန်က

"အဆင်သင့် လိုက်တာကွယ် အစ်မတို့ က ခလောက်အင်းကို သွား ကြမလို့ လမ်းကြုံလိုက် ခဲ့ပါလား အဖော်လည်း ရတာပေါ့"

"အဲဒါဆို ကျေးဇူးပါပဲ ဗျာ သက်ခိုင်နဲ့ တောက်ရက ပစ္စည်းတွေ ကူ သယ်ပေး လိုက်ကြပါဦး"

သုံးယောက်ထဲမှာ ဥပဓိရုပ် ကောင်းကောင်း နဲ့ လူငယ်ရဲ့ စကားအ ဆုံး မှာ တော့ ဘေးမှာ ပါလာတဲ့ လူငယ်တွေက ကွန်တွေ ပလိုင်းတွေကို ဝိုင်းလွယ် ပေးလိုက်ကြတယ်။

"အော် မိတ်ဆက်ပေး ရဦးမယ် ဒါက ကျုပ်ယောက်ျား ကိုထွန်းကြည် တဲ့ အစ်မနာမည် ကတော့ မရီစိန်လို့ ခေါ်တယ် ဒီက မောင်လေးတွေ နာ မည်ကရော"

မရီစိန်ရဲ့ စကားကို ကြားတော့ သက်ခိုင်က

"ဒါက ကျုပ်တို့ ဆရာ အောင်မြတ်သာတဲ့ ဒီဘက်ဘေးမှာ ရှိတာက တော့ တောက်ရလို့ ခေါ်တယ် ကျုပ်နာမည် ကတော့ သက်ခိုင်တဲ့ "

"ဒါနဲ့ မောင်လေးတို့ က ခလောက်အင်းကို ဘာကိစ္စနဲ့ သွားကြမှာ လဲ
"

မရီစိန်ရဲ့ စကားကြောင့် တောက်ရက တောင်ကြည့်မြောက်ကြည့် လုပ်ပြီး

"ကျုပ်တို့ က အလုပ် ကိစ္စနဲ့ ခရီးထွက် လာရင်း ဒီနယ် တစ်ဝိုက်မှာ ခလောက်အင်းက နာမည်ကြီးတော့ ရောက်ဖူးချင် လို့ ပါ"

တောက်ရစကား ကိုကြားတော့ ကိုထွန်းကြည်က

"ဒါဆို အတော်ပဲ ဒီနေ့က ခလောက်အင်း ဖွင့်ပွဲလေ အစ်ကိုတို့ က ခလောက်အင်းမှာ ငါးဖမ်းဖို့ သွားနေကြတာ"

"အင်းထဲမှာ လူတိုင်းငါးဖမ်း လို့ ရလို့ လား အင်းပိုင်ရှင် တွေက ဘာမှ မပြောဘူးလား"

"တစ်နှစ်မှာ တစ်ရက်ပဲ ဖမ်းလို့ ရတာ ဒီနေ့ပြီးရင် ဖမ်းမရ တော့ဘူး ဒါကြောင့် ဒီနေ့က ခလောက်အင်းမှာ အစည်ဆုံးပဲ နောက်ရက်တွေ ပိုင်ရှင်အခွင့် မရပဲ ဝင်ဖမ်းလို့ ကတော့ အသေဆိုးနဲ့ သေရမယ် သာမှတ် "

ကိုထွန်းကြည်ရဲ့ အားပါးတရ ပြောတဲ့ စကားကြောင့်

"ကိုထွန်းကြည် ဧည့်သည် တွေကို ဘာတွေလျှောက် ပြောနေတာလဲ လူငယ်လေးတွေ လန့်သွား ပါဦးမယ်"

မရီစိန်ရဲ့ စကားကြောင့် သက်ခိုင်က တစ်ချက် ရယ်လိုက်ပြီး

"ရပါတယ် အစ်မ ကျုပ်တို့ က လူငယ် ဆိုပေမယ့် ဒါမျိုးတွေ ယုံကြည်ပါတယ် အချိန် ရသေးတယ် ဆိုရင် ခလောက်အင်း အကြောင်း ကို ပြောပြပါလား "

"အချိန်ကတော့ မရတော့ဘူး နောက်ကွမ်းတစ်ရာ ညက်လောက်ဆိုရင် ခလောက်အင်းကို ရောက်ပြီ ဟိုမှာ တွေ့လား ကန်သင်းရိုး ပေါ်မှာ ပလိုင်းကိုယ်စီ နဲ့ လူတွေ သူတို့ လည်း အစ်မတို့လိုပဲ ငါးဖမ်းဖို့ သွားနေကြတာ"

အောင်မြတ်သာ တို့ လည်း မရီစိန်တို့ လင်မယား အနောက်ကနေ လိုက်ရင်း သိပ်မကြာခင် ခလောက်အင်း ထဲကို ရောက်လာခဲ့တယ်။

"ကိုထွန်းကြည် ကျုပ် မပြောဘူးလား လူတွေ အများကြီး ရောက်နေ

ကြပြီ ငါးတွေများ ကုန်တော့မလား မသိပါဘူး"

"ဟဲ့ ရီစိန် ဧည့်သည် တွေ ရှိနေလို့ ငါမပြော သေးတာနော် ဟင်း ညီလေးတို့ လည်း လိုက်ပြီး လေ့လာလိုက်ဦး အစ်ကိုတို့ ငါးသွား ဖမ်းလိုက်ဦးမယ် နောက်မှ ဆုံမယ်နော်"

အောင်မြတ်သာ တို့ ကို နှုတ်ဆက်ပြီး ထွက်သွားတဲ့ ကိုထွန်းကြည်တို့ လင်မယားကို လက်ပြနှုတ်ဆက် လိုက်ပြီး ခလောက်အင်း ဘေးမှာ အလေ့ကျ ပေါက်နေတဲ့ ကုက္ကိုပင် အောက်မှာ ဝင်ထိုင် လိုက်ပြီး

"သက်ခိုင် ဟိုမှာ ဝါးနဲ့ လုပ်ထားတဲ့ စင်သေးသေးလေး တွေ့လား အဲဒါ အင်းပိုင်ကြီးကို ကျွေးဖို့ လုပ် ထားတာပဲ "

"လူတွေ အရမ်းများ တယ်နော်ဆရာ ကျွန်တော်တို့ အစီအစဉ် ကိုဘယ်တော့ စမလဲ "

သက်ခိုင်ရဲ့ အမေးကို အောင်မြတ်သာ ချက်ချင်းမဖြေ သေးပဲ ခလောက်အင်း ထဲကို ကြည့်နေလိုက်တယ်။

တစ်အောင့်ကြာတော့

"ဒီည အင်းပိုင်ကြီးကို အစာ ကျွေးပြီးရင် လူတွေပြန်ကြ လိမ့်မယ် အဲဒီအချိန် လုပ်ငန်းစမယ် ည ၁၂ မထိုးခင် အပြီး လုပ်ရမယ် ၁၂နာရီ ကျော်ရင် တခြားနေ့ ရောက်ပြီဖြစ်တဲ့ အတွက် ပိုင်ရှင်အသစ် ရဲ့ ခွင့်ပြုချက် လိုလာမယ် သူတစ်ပါး ပိုင်တဲ့ အင်း ထဲမှာ ငါတို့ ရှိ မနေသင့်ဘူး ဒါကြောင့် ကိစ္စမြန်မြန် ပြီးအောင်လုပ် ရမယ်"

အောင်မြတ်သာရဲ့ စကားကို ကြားတော့ သက်ခိုင်နဲ့ တောက်ရကနားလည်တဲ့ ပုံစံနဲ့ ခေါင်းညိတ် ပြလိုက်တယ်။